အားလုံးပဲမင်္ဂလာပါ

ပထမဦးဆုံးအနေဖြင့် မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်း ရေရှည်အကျိုးအတွက် အမှာစကား ပြောကြားပေးသွားပါသော ဆရာမကြီးဒေါ်ခင်ဆွေအေးအားအထူးပင်ကျေးဇူးတင်ရှိပါတယ်။

ဒုတိယအနေဖြင့် မြန်မာဓာတုအင်ဂျင်နီယာများအတွက် ရေရှည်အကျိုးရှိစေရန် မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်းမှ အကောင်အထည်ဖော်ဆောင်ရွက်သွားသင့်သည့်လုပ်ငန်းများကို အကြံပြု တင်ပြစာပေးပို့လာသော ဦးသင်မောင်မြင့်(ChE 1992) နှင့် ဦးကျော်စိုးဝင် (ChE 1987) တို့ကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။

ကျွန်တော်ရဲ့နိဂုံးချုပ်အမှာစကားမှာလည်းအဓိကအားဖြင့် လာမည့်နှစ်မှာ ဆောင်ရွက်မည့် လုပ်ငန်းများ ကို တင်ပြသွားမှာဖြစ်ပါတယ်။

ပထမဆုံးသတိပြုလုပ်ဆောင်ရမယ့်လုပ်ငန်းကတော့ ကျွန်တော်တို့အလုပ်အမှုဆောင်အဖွဲ့ရဲ့ သက်တမ်းဟာ လာမဲ့တစ်နှစ်သာရှိတော့တဲ့အတွက် နောက်နှစ်မှာဖြစ်လာမဲ့ အမှုဆောင်အသစ်များကို ဆောင်ရွက်ပြီးလုပ်ငန်းများ ပီပီပြင်ပြင် လက်ဆင့်ကမ်းလွှဲပြောင်းပေးနိုင်ဖို့ အသင်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရာမှာ စနစ်တကျမှတ်တမ်းမှတ်ရာများဖြင့် ဆောင်ရွက် သွားမှာဖြစ်ပါတယ်။

ဒီလုပ်ငန်းနဲ့ပတ်သတ်ပြီးအဓိကကျတာကတော့ လူမှုဖူလုံရေးနှင့် ဘဏ္ဍာရေးကော်မတီဖြစ်ပါတယ်။ ဒီကော်မတီအနေဖြင့် ကောက်ခံရရှိတဲ့ရံပုံငွေတွေ နဲ့ သုံးစွဲခဲ့တဲ့ငွေကြေးတွေရဲ့ အထောက်အထားနဲ့တကွ မှတ်တမ်းမှတ်ရာများ ဆောင်ရွက်ထားရှိပြီး စနစ်တကျ လွှဲပြောင်းပေးနိုင်ဖို့ ကြိုတင်ပြင်ဆင် စီမံထားရှိရပါမယ်။

ဒုတိယအနေဖြင့်သတိပြုဆောင်ရွက်ရမည့် လုပ်ငန်းကတော့ အသင်းရဲ့ ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ လုပ်ငန်းများဘဲ ဖြစ်ပါတယ်။ ဒီကော်မတီအနေနဲ့ အဓိကအားဖြင့် အစီအစဉ် (Program ) နှစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နံပါတ် (1) အစီအစဉ် ကတော့ ဆရာကြီးဦးအောင်မြိုင် အဆိုပြုထားတဲ့ မြန်မာဓာတုအင်ဂျင်နီယာများကို ကျွမ်းကျင်မှု ပံပိုးမည့် အစီအစဉ် (Enrichment Program for Myanmar Chemical Professionals ) ဘဲဖြစ်ပါတယ်။ အစီအစဉ်တွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

1. Recalling of basic Chemical Engineering Principles (Expected 15 sessions and each session will contain 10+ questions)
2. Reviewing and upgrading of texts and references for ChEs
3. Knowledge sharing by local and overseas Myanmar Professionals
4. Knowledge sharing by non-Myanmar Professionals
5. In-depth training for Refinery Technology

ဒီအစီအစဉ် တွေကိုတော့ ဆောင်ရွက်ရန် အခြေအနေပေးပါက zoom နဲ့စတင်မှာဖြစ်ပါတယ်။

နံပါတ် (2) အစီအစဉ် ကတော့ လုပ်ငန်းခွင်မဝင်မီ အကြိုသင်တန်းများ (Pre-employment Training) ဆောင်ရွက်ရန် ဖြစ်ပါတယ်။ နဂိုစီစဉ်ထားတဲ့ အစီအစဉ်တွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

**Pre-employment training**

1) Code of Ethics for Engineers.
2) Safety and risk assessment in chemical industries.
3) Understanding P&ID (Piping & Instrumentation Diagram) and E&IC (Electrical & Instrumentation Control)
4) International standards and codes for ChE.
5) Laws and regulation related to industries
6) Production management for ChE.
7) Process simulation for ChE
8) Specialization (food safety, industrial pollution and chemical hazards)

သို့သော်လည်း လာမယ့်နှစ်အနေဖြင့် ဦးကျော်စိုးဝင်းအကြံပြုတင်ပြထားတဲ့ Climate Change, Environmental နှင့် Safety နဲ့ပတ်သတ်တဲ့ နည်းပညာဆိုင်ရာအဖွဲ့များဖွဲ့စည်းပြီး ဆွေးနွေးပွဲများ သင်တန်းများကို Zoom အစီအစဉ်ဖြင့် ဖြစ်မြောက်အောင်ကြိုးစား သွားပါမယ်။

ယင်းလုပ်ငန်းများအဆင်ပြေပြီး အဆင့်တစ်ခုသို့ ခိုင်ခိုင်မာမာ ရောက်ရှိလာပါက ဦးသင်မောင်မြင့် အကြံပြုထားတဲ့ ဘာသာ ရပ်ဆိုင်ရာ အကျိုးပြုစာစဉ်များထုတ်ဝေရေးအတွက် အကောင်အထည်ဖေါ် ဆောင်ရွက်လာနိုင်မည်ဟုမျှော်လင့်ပါတယ်။

တတိယအနေဖြင့်သတိပြုဆောင်ရွက်ရမည့် လုပ်ငန်းကတော့ ဓာတုအင်ဂျင်နီယာဌာနများ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေနဲ့ နည်းပညာတက္ကသိုလ်များ ပုံမှန်ဖွင့်လှစ်မှသာ ဓာတုအင်ဂျင်နီယာ ဌာနများနှင့် ဆွေးနွေးတိုင်ပင်ပြီး ဆက်လက်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အနေဖြင့် ချမှတ်ထားသောလုပ်ငန်းရပ်များ ဆောင်ရွက်ရာတွင် လက်ရှိအချိန်အခါကာလ အခြေအနေအရ အသင်းသူ အသင်းသားများ စိတ်အနှောက်အယှက် မဖြစ်စေရန် အထူးသတိထား ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အသင်းသူ အသင်းသားများမှလဲ အကြံဉာဏ်ကောင်းများပေးကြပါရန် နှင့် တတ်နိုင်သမျှ အသင်းရဲ့ကျွမ်းကျင်မှုပညာရပ်ဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခြင်းဖြင့် မိမိရဲ့ အကျိုး နဲ့ အများအကျိုးအတွက် ကောင်းမွန်တဲ့ရလဒ်ကောင်း များရရှိလာနိုင်မှာဖြစ်ပါကြောင်း ရေရှည် အကျိုးမျှော်ကိုးပြီး အကြံပြုတင်ပြအပ်ပါတယ်။

နောက်ဆုံးအနေဖြင့် ဒီကနေ့ကျင်းပတဲ့မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်း၏ဒုတိယအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကိုတက်ရောက်အားပေးတဲ့ ဆရာမကြီးဒေါ်ခင်ဆွေအေးနဲ့

တကွ အသင်းသူ ၊အသင်းသားများအားလုံး လာမဲ့နှစ်သစ်မှ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ပြည့်စုံပြီး မိမိတို့လုပ်ငန်းများတိုးတက်အောင်မြင်ကြပါစေ၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများလည်းရရှိကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ရှိပါတယ်။